# ၂၀၁၂ ခုနှစ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေး ဥပဒေအရလုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်လျှောက်ထားမှုနှင့်စပ်လျဉ်း၍ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ

## ၁။ လျှောက်ထားနိုင်သူများ

(က) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးနည်းဥပဒေအပိုဒ် ၃ အရ အောက်ပါပုဂ္ဂိုလ်နှင့်အဖွဲ့အစည်းများသည် ဗဟိုကော်မတီသို့ လျှောက်ထားနိုင်ပါသည်။

(၁) မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံသူများ

(၂) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ

(၃) ၁၉၈၇ ခုနှစ်၊ မရွှေ့မပြောင်းနိုင်သော ပစ္စည်းလွှဲခြင်းကို ကန့်သက်သည့် ဥပဒေပုဒ်မ ၁၄ အရ သက်ဆိုင်ရာဝန်ကြီးဌာနက ကင်းလွတ်ခွင့်ပြုထားသူများဖြစ်သည့် နိုင်ငံတော်နှင့် သံသမန် အဆက်အသွယ်ရှိသော နိုင်ငံခြားသံတမန်အဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ အခြားမည်သည့်အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်၊

(၄) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ရပ်ရပ်နှင့် အကျိုးတူကိစ္စရပ်များအတွက် ဆောင်ရွက်မည့် နိုင်ငံခြားရင်းနှီးမြှုပ်မှုဥပဒေအရ ခွင့်ပြုထားသောရင်းနှီးမြှုပ်နှံသူများ၊

(၅) မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံသူများနှင့် အကျိုးတူကိစ္စရပ်များအတွက် ဆောင်ရွက်မည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေအရ ခွင့်ပြုထားသော ရင်းနှီးမြှုပ်နှံသူများ၊

(၆) ကျေးလက်ဒေသတောင်သူ လယ်မသားများနှင့် မိသားစုတစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး လုပ်ကိုင်သူများ၊

## ၂။ လျှောက်ထားနိုင်သည့်လုပ်ငန်းများ

(က) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်များကို အောက်ဖော်ပြပါ လုပ်ငန်းများအတွက် လျှောက်ထားနိုင်သည်–

(၁) စိုက်ပျိုးရေးလုပ်ငန်း

(၂) မွေးမြူရေးလုပ်ငန်း

(၃) ဓါတ်သတ္တုထုတ်လုပ်ခြင်းလုပ်ငန်း

(၄) အစိုးရကခွင့်ပြုထားသော ဥပဒေနှင့် ညီညွတ်သည့် အခြားလုပ်ငန်းများ

## ၃။ လျှောက်ထားရာတွင် အသုံးပြုရမည့် လျှောက်လွှာပုံစံများ

(က) ရာသီသီးနှံ၊ စက်မှုကုန်ကြမ်းရာသီသီးနှံ၊ ဥယျာဉ်ခြံသီးနှံ စိုက်ပျိုးမှုအတွက် လုပ်ပိုင်ခွင့်
လျှောက်လွှာ(ပုံစံ ၁)**(ပူးတွဲ-၁)**

(ခ) မွေးမြူရေးလုပ်ငန်းအတွက် အသုံးပြုခွင့်လျှောက်လွှာ (ပုံစံ ၂)**(ပူးတွဲ- ၂)**

(ဂ) ဓါတ်သတ္တုထုတ်လုပ်ခြင်းအတွက် အသုံးပြုခွင့်လျှောက်လွှာ (ပုံစံ ၃)**(ပူးတွဲ-၃)**

(ဃ) အစိုးရကခွင့်ပြုထားသောဥပဒေနှင့်ညီညွတ်သည့် အခြားလုပ်ငန်းများအတွက် လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်လျှောက်လွှာ (ပုံစံ၄)**(ပူးတွဲ-၄)** (လျှောက်လွှာပုံစံများကို ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူးရုံးတွင် လျှောက်ထားရယူနိုင်ပါသည်။)

## ၄။ လျှောက်လွှာနှင့်အတူပါဝင်ရမည့်အချက်များ

(က) နည်းဥပဒေအပိုဒ် ၅ အရ လျှောက်လွှာနှင့်အတူ သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနမှူးရုံးက ထုတ်ပေးသော အောက်ပါမြေပုံတစ်မျိုးမျိုးကို ပူးတွဲတင်ပြရမည် -

(၁) ကွင်းမြေပုံရှိသောဒေသဖြစ်လျှင် တည်ဆဲနှစ်အတွက် အသုံးပြုလျက်ရှိသော ၁၆ လက်မ = ၁ မိုင် စကေး မြေပုံ (၂) ပုံ

(၂) ကွင်းမြေပုံမရှိသောဒေသဖြစ်လျှင် ၁ လက်မ = ၁ မိုင် စကေး သို့မဟုတ် ၁:၅၀၀၀၀ စကေးဖြင့် ရေးဆွဲထားသည့် ယာယီမြေပုံကြမ်း (၂)ပုံ

(ခ) လျှောက်ထားသည့် မြေတည်နေရာ၏ ရပ်ကွက်/ကျေးရွာအုပ်စုပတ်ဝန်းကျင်အညွှန်းပြမြေပုံ

(ဂ) လျှောက်ထားသည့်မြေတည်နေရာ၏ အနားလေးရပ်ဓါတ်ပုံမှတ်တမ်းနှင့် Google Map

(ဃ) လျှောက်ထားသည့်လုပ်ငန်းအမျိုးအစားအလိုက် Site Plan၊

( င ) လုပ်ငန်းစီမံချက်၊

(စ) လျှောက်ထားသည့်နည်းလမ်းအတိုင်း သတ်မှတ်ကာလအတွင်း လျှောက်ထားသည့်လုပ်ငန်းကိုပြီးစီးအောင် ဆောင်ရွက်မည်ဖြစ်ကြောင်း လျှောက်ထားသူ၏ ဝန်ခံချက်၊

(ဆ) အစိုးရဌာနများမှ လျှောက်ထားခြင်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန၏ သဘောတူညီကြောင်း ထောက်ခံချက် သို့မဟုတ် လုပ်ငန်းဆိုင်ရာခွင့်ပြုချက် ရန်ပုံငွေရရှိမှု အခြေအနေ အထောက်အထား၊

( ဇ ) လျှောက်ထားသူ၏ နိုင်ငံသားစိစစ်ရေးကဒ်မိတ္တူ (၁)စောင်

(ဈ) လျှောက်ထားသူ၏ အိမ်ထောင်စုဇယားမိတ္တူ (၁)စောင်

(ည) Bank Statement

(ဋ) နီးစပ်သော ကျေးရွာဥပစာနယ်နိမိတ်မှ (၂)မိုင်ကွာဝေးခြင်း ရှိ/မရှိ

(ဌ) စိုက်ပျိုးရေးလုပ်ငန်းအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၏ ထောက်ခံချက်

(ဍ) မွေးမြူရေးလုပ်ငန်းအတွက် မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ ထောက်ခံချက်

(ဎ) သစ်တောကြိုးဝိုင်းနှင့်ကင်းလွတ်ကြောင်း၊ ပယ်ဖျက်ထားကြောင်း မြို့နယ် သစ်တောဦးစီးဌာန၏ ထောက်ခံချက်

(ဏ) စားကျက်မြေနှင့် ကင်းလွတ်ကြောင်း/ ပယ်ဖျက်ထားကြောင်း မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ထောက်ခံချက်

(တ) ပတ်ဝန်းကျင်တောင်သူများမှ ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံချက်

(ထ) ကုမ္ပဏီအဖွဲ့စည်းဖြစ်ပါက ကုမ္ပဏီ၏ရာဇဝင်၊ အဖွဲ့အစည်းဆိုင်ရာအချက် အလက်များ

( ၃ ) လုပ်ငန်းသုံးစက်ကိရိယာပစ္စည်းအမျိုးအစား တစ်ခုချင်းအလိုက်စာရင်းနှင့် ဓာတ်ပုံမှတ်တမ်းများ

**၅။ ဗဟိုကော်မတီမှ စိစစ်ခြင်း**

မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီသည် လက်ခံရရှိသော မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် လျှောက်လွှာများနှင့်စပ်လျဉ်းသည့် အချက်အလက်များကို မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် လျှောက်လွှာ မှတ်ပုံတင်စာရင်း (ပုံစံ-၅) (ပူးတွဲ- ၅)တွင် ရေးသွင်း၍ သက်ဆိုင်ရာ ပြည်နယ်လုပ်ငန်းအဖွဲ့သို့ စုံစမ်းစစ်ဆေးတင်ပြစေရန် လွှဲပြောင်းပေးပို့ရမည်။ (နည်းဥပဒေ-၆)

**၆။ ပြည်နယ်လုပ်ငန်းအဖွဲ့၏ ဆောင်ရွက်မှု**

ပြည်နယ် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့သည် နည်းဥပဒေ ၆ အရ ပေးပို့သည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများလုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်လျှောက်လွှာများကို သက်ဆိုင်ရာ ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနရုံးသို့ ပေးပို့ရမည်။ (နည်းဥပဒေ-၇)

**၇။ ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူးရုံး၏ ဆောင်ရွက်မှု**

ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရုံးသည် နည်းဥပဒေ ၇ အရ ပေးပို့သည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် လျှောက်လွှာများကို သက်ဆိုင်ရာခရိုင်ဦးစီးဌာနမှူးရုံးမှ တစ်ဆင့် မြို့နယ်ဦးစီးဌာနမှူးရုံးသို့ စိစစ်ဆောင်ရွက်နိုင်ရန် ပေးပို့ရမည်။ (နည်းဥပဒေ ၈)

**၈။ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနမှူးရုံး၏ ဆောင်ရွက်မှု**

မြို့နယ်ဦးစီးဌာနမှူးရုံးသည် နည်းဥပဒေ ၈ အရ ပေးပို့သည့် လျှောက်လွှာကို လက်ခံရရှိသည့် အခါ -

(က) မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်လျှောက်လွှာ မှတ်ပုံတင် စာရင်း(ပုံစံ- ၅)တွင် ရေသွင်းရမည်။ (နည်းဥပဒေ ၉(က))

( ခ) လက်ခံရရှိသည့် လျှောက်လွှာကို မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများလုပ်ပိုင်ခွင့်၊ အသုံး ပြုခွင့်၊ လုပ်ငန်းစာတွဲ ဖွင့်လှစ်ရမည်။

( ဂ) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများလုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် လျှောက်ထားချက် နှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူရှိပါက ခိုင်လုံသောအထောက်အထားတင်ပြ၍ ကန့်ကွက် နိုင်ကြောင်း ထုတ်ဆင့်သည့် ကြော်ငြာစာကို (ပုံစံ-၆ ) **(ပူးတွဲ-၆)**ဖြင့် ကြေညာရမည်။ (နည်းဥပဒေ ၉ (ခ))

(ဃ) ကန့်ကွက်နိုင်ရန်ထုတ်ဆင့်သည့် ကြော်ငြာစာ(ပုံစံ-၆)ကို သက်ဆိုင်ရာ နေပြည်တော်ဦးစီးဌာနရုံး သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီး ဌာနရုံး၊ ခရိုင်ဦးစီးဌာနရုံး၊ မြို့နယ်ဦးစီးဌာနရုံးနှင့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်း တည်ရှိရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး တို့တွင် ကပ်ထားရမည်။

( င) နည်းဥပဒေ ၉ (ခ)အရ ကြေညာရာတွင် ယင်းသို့ကြေညာသည့်နေမှ ရက်ပေါင်း (၃၀)အတွင်း ကန့်ကွက်နိုင်ကြောင်းဖော်ပြရမည်။

( စ) ကန့်ကွက်နိုင်ကြောင်း ကြေညာထားသည့်ကာလအတွင်း မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူးသည် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် စိစစ်ချက်ပုံစံ(၇) **(ပူးတွဲ-၇)** ဖြင့် ခရိုင်သို့ စိစစ်တင်ပြရပါမည်။ (နည်းဥပဒေ-၁၀၊ ၁၁)

(ဆ) **မြို့နယ်ဦးစီးဌာနမှူးရုံး** သည် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများလုပ်ပိုင်ခွင့်၊ အသုံး ပြုခွင့် လျှောက်ထားချက်နှင့်စပ်လျဉ်း၍-

**- ကန့်ကွက်ချက် တစ်စုံတစ်ရာ ရရှိလျှင်-**

(၁) ကန့်ကွက်ချက်လက်ခံရရှိသည့်နေ့မှ ၇ ရက် (ခုနစ်ရက်) အတွင်း ယင်းကန့် ကွက်ချက်နှင့်အတူ တင်ပြသော အထောက်အထားများအား စိစစ်၍ စိစစ်တွေ့ရှိချက်နှင့် လုပ်ငန်းစာတွဲကို သက်ဆိုင်ရာ ခရိုင်ဦးစီး ဌာနရုံးနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးဌာနရုံးတို့မှ တစ်ဆင့် သက်ဆိုင်ရာ နေပြည်တော်ကောင်စီ သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ငန်းအဖွဲ့သို့ ပေးပို့ တင်ပြရမည်။

(၂) နေပြည်တော်ကောင်စီ သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လုပ်ငန်းအဖွဲ့သည် တင်ပြလာသောလုပ်ငန်းစာတွဲနှင့် ကန့်ကွက်ချက် ကို လက်ခံရရှိသည့်အခါ ယင်းကန့်ကွက်ချက်အပါအဝင် သက်ဆိုင်ရာ စာတမ်းအမှတ်အသားများအား ဗဟိုကော်မတီက ဖွဲ့စည်းတာဝန် ပေးအပ်သည့် သီးခြားအဖွဲ့သို့ပေးပို့၍ စုံစမ်းစစ်ဆေးတင်ပြစေရန် အကြောင်းကြားရမည်။

(၃) သီးခြားအဖွဲ့သည် အကြောင်းကြားစာရရှိသည့်အခါ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများတည်ရှိရာနေရာသို့ သွားရောက်စစ်ဆေးပြီး စစ်ဆေးတွေ့ရှိချက်ကို ဓတ်ပုံမှတ်တမ်းအထောက်အထားများနှင့်အတူ သက်ဆိုင်ရာ နေပြည်တော်ကောင်စီ သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လုပ်ငန်းအဖွဲ့ သို့ တင်ပြရမည်။

– **ကန့်ကွက်ချက် တစ်စုံတစ်ရာ မရရှိလျှင်–**

(၁) မြို့နယ်ဦးစီးဌာနရုံးသည် ကန့်ကွက်နိုင်ကြောင်း သတ်မှတ်ထားသည့် နောက်ဆုံးရက်မှ ၇ ရက်(ခုနစ်ရက်)အတွင်း လျှောက်ထားချက်နှင့် စပ်လျဉ်း၍ စစ်ဆေးတွေ့ရှိချက်များ၊ သဘောထားမှတ်ချက်နှင့်အတူ လုပ်ငန်းစာတွဲကို သက်ဆိုင်ရာ ခရိုင်ဦးစီးဌာနရုံးသို့ ပေးပို့တင်ပြ ရမည်။

(၂) ခရိုင်ဦးစီးဌာနရုံးသည် တင်ပြလာသည့် လုပ်ငန်းစာတွဲကို သဘောထားမှတ်ချက်နှင့်အတူ သက်ဆိုင်ရာနေပြည်တော် သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးဌာနရုံးသို့ ပေးပို့တင်ပြ ရမည်။

(၃) နေပြည်တော်ဦးစီးဌာနရုံး၊ သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးဌာနရုံးသည် တင်ပြလာသည့် လုပ်ငန်းစာတွဲကို သဘောထားမှတ်ချက်နှင့်အတူ သက်ဆိုင်ရာ နေပြည်တော်ကောင်စီ သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ငန်းအဖွဲ့သို့ ပေးပို့တင်ပြရမည်။

## ၉။ ပြည်နယ် မြေလွတ်၊ မြေလပ် နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့

နည်းဥပဒေ ၁၂၊ နည်းဥပဒေခွဲ (က)နှင့်(ခ)အရ တင်ပြသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်လျှောက်ထားသည့် လုပ်ငန်းစာတွဲကို ရရှိသည့်အခါ –

(က) စစ်ဆေးတွေ့ရှိချက်အစီရင်ခံစာ ပုံစံ(၈) **(ပူးတွဲ-၈)**တွင် မှတ်တမ်းတင်ရမည်။ (နည်းဥပဒေအပိုဒ် – ၁၃)

(ခ) နည်းဥပဒေ (၁၃)အရ ဆောင်ရွက်ပြီးနောက် ပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြ၍ သဘောထားမှတ်ချက် ရယူရမည်။ (နည်းဥပဒေ – ၁၄)

(ဂ) ပြည်နယ်အစိုးရအဖွဲ့၏ သဘောထားမှတ်ချက်ရရှိသည့်အခါ –

(၁) ကျေးလက်ဒေသတောင်သူလယ်သမားနှင့် မိသားစုတနိုင်တပိုင် စိုက်ပျိုးရေးလုပ်ကိုင်လိုသူက ဧက(၅၀)ထက် မပိုသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများအတွက် လျှောက်ထားသည့်ကိစ္စမှအပ ကျန်မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်လျှောက်ထားသည့် လုပ်ငန်းစာတွဲများကို ပြည်နယ်အစိုးရအဖွဲ့၏ သဘောထားမှတ်ချက်နှင့် အတူ ဗဟိုကော်မတီ သို့တင်ပြရမည်။

(၂) ကျေးလက်ဒေသတောင်သူလယ်သမားနှင့် မိသားစုတနိုင်တပိုင် စိုက်ပျိုးရေး လုပ်ကိုင်လိုသူက ဧက(၅၀)ထက်မပိုသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများအတွက် လျှောက်ထားသည့်ကိစ္စနှင့်စပ်လျဉ်း၍ ပြည်နယ် အစိုးရအဖွဲ့၏ သဘောထားမှတ်ချက်နှင့်အညီ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့် လျှောက်ထားခြင်းအား ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုရမည်။

(ဃ) ပြည်နယ်လုပ်ငန်းအဖွဲ့သည် အထက်အပိုဒ် ၉(ဂ) (၂)ပါအတိုင်း ဆောင်ရွက်ပြီး သည့်အခါ –

(၁) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သို့ အာမခံကြေးပေးသွင်းစေပြီး မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်အသုံးပြုခွင့်ရရှိသူများ မှတ်ပုံတင် စာရင်း(ပုံစံ–၉) **(ပူးတွဲ–၉)**တွင် မှတ်တမ်းတင်ရပါမည်။ (နည်းဥပဒေ– ၁၉)

(၂) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် လျှောက်ထားမှုနှင့်စပ်လျဉ်း၍ ငြင်းပယ်ခြင်းခံရသူကို မြေလွတ်၊ မြေလပ် နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်အသုံးပြုခွင့် ငြင်းပယ်ခံရသူများ မှတ်ပုံ တင်စာရင်းပုံစံ (၁၀) **(ပူးတွဲ–၁၀)**တွင် မှတ်တမ်းတင်ရပါမည်။ (နည်းဥပဒေ– ၁၉)

## ၁၀။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီ

(က) ပြည်နယ်လုပ်ငန်းအဖွဲ့က တင်ပြလာသည့် လုပ်ငန်းစာတွဲများကို လက်ခံရရှိ သည့်အခါ သက်ဆိုင်ရာဝန်ကြီးဌာန၏ သဘောထားမှတ်ချက်များကို တောင်းခံရမည်။

(ခ) သက်ဆိုင်ရာဝန်ကြီးဌာန၏သဘောထားရရှိသည့်အခါ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများလုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် လုပ်ငန်းစာတွဲအား စိစစ်၍ လုပ်ပိုင်ခွင့် အသုံးပြုခွင့် လျှောက်ထားခြင်းအား ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုရမည်။ (နည်းဥပဒေ ၁၇)

(ဂ) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများလုပ်ပိုင်ခွင့်အသုံးပြုခွင့်ရရှိသူကိုမြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သို့ အာမခံကြေးပေးသွင်းစေပြီး မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့် အသုံးပြုခွင့်ရရှိသူများ မှတ်ပုံတင်စာရင်း (ပုံစံ-၉) တွင် မှတ်တမ်းတင်ရ မည်။ (နည်းဥပဒေ - ၁၈)

(ဃ) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်အသုံးပြုခွင့်လျှောက်ထားမှု နှင့် စပ်လျဉ်း၍ ငြင်းပယ်ခြင်းခံရသူကို မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများလုပ်ပိုင် ခွင့် အသုံးပြုခွင့်ငြင်းပယ်ခံရသူများ မှတ်ပုံတင်စာရင်းပုံစံ(၁၀)တွင် မှတ်တမ်းတင်ရမည်။ (နည်းဥပဒေ - ၁၈)

**ခွင့်ပြုမိန့်ထုတ်ပေးခြင်းနှင့် ငြင်းပယ်ခြင်း**

**၁၁။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီ**

ဗဟိုကော်မတီသည် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ရရှိသူကို လုပ်ငန်းအမျိုးအစားအလိုက် အောက်ဖော်ပြပါသက်ဆိုင်ရာပုံစံဖြင့် ခွင့်ပြုမိန့် ထုတ်ပေးရမည်-

(က) ရာသီသီးနှံ၊ စက်မှုကုန်ကြမ်းရာသီသီးနှံစိုက်ပျိုးမှုအတွက် လုပ်ပိုင်ခွင့်ပြုသော ခွင့်ပြုမိန့် (ပုံစံ-၁၁) **(ပူးတွဲ- ၁၁)**

(ခ) နှစ်ရှည်ပင်၊ ဥယျာဉ်ခြံသီးနှံစိုက်ပျိုးမှုအတွက် လုပ်ပိုင်ခွင့်ပြုသော ခွင့်ပြုမိန့် (ပုံစံ-၁၂) **(ပူးတွဲ-၁၂)**

(ဂ) မွေးမြူရေးလုပ်ငန်းအတွက် အသုံးပြုခွင့်ပြုသော ခွင့်ပြုမိန့်(ပုံစံ-၁၃)**(ပူးတွဲ၁၃)**

(ဃ) ဓါတ်သတ္တုထုတ်လုပ်ခြင်းလုပ်ငန်းအတွက် အသုံးပြုခွင့်ပြုသော ခွင့်ပြုမိန့်(ပုံစံ ၁၄) **(ပူးတွဲ-၁၄)**

(င) အစိုးရကခွင့်ပြုထားသောဥပဒေနှင့်ညီညွတ်သည့် အခြားလုပ်ငန်းအတွက် လုပ်ပိုင်ခွင့် အသုံးပြုခွင့်ပြုသော ခွင့်ပြုမိန့် (ပုံစံ-၁၅) **(ပူးတွဲ-၁၅)**

(စ) ဗဟိုကော်မတီသည် နည်းဥပဒေ ၁၈၊ နည်းဥပဒေခွဲ (ခ)အရ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်၊ ငြင်းပယ်ခြင်းခံရသူများ အား မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်လျှောက်ထား မှုကို ငြင်းပယ်ကြောင်း အကြောင်းကြားစာ ပုံစံ(၁၆) **(ပူးတွဲ-၁၆)** ဖြင့် အကြောင်းကြားရပါမည်။ (နည်းဥပဒေ-၂၂)

## ၁၂။ နေပြည်တော်ကောင်စီ သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ငန်းအဖွဲ့

ပြည်နယ်လုပ်ငန်းအဖွဲ့သည် နည်းဥပဒေ ၁၅၊ နည်းဥပဒေခွဲ(ခ)အရ လုပ်ပိုင်ခွင့် ရရှိသူကို စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်နိုင်ရန် အောက်ဖော်ပြပါသက်ဆိုင်ရာပုံစံဖြင့် ခွင့်ပြုမိန့် ထုတ်ပေးရမည်- (နည်းဥပဒေ ၂၁)

(က) ရာသီသီးနှံ၊ စက်မှုကုန်ကြမ်းရာသီသီးနှံ တစ်နိုင်တစ်ပိုင် စိုက်ပျိုးမှုအတွက် လုပ်ပိုင်ခွင့်ပြုသော ခွင့်ပြုမိန့် (ပုံစံ- ၁၁ က) **(ပူးတွဲ- ၁၇)**

(ခ) နှစ်ရှည်ပင် ဥယျာဉ်ခြံသီးနှံ တစ်နိုင်တစ်ပိုင် စိုက်ပျိုးမှုအတွက် လုပ်ပိုင်ခွင့်ပြု သော ခွင့်ပြုမိန့် (ပုံစံ- ၁၂ က) **(ပူးတွဲ- ၁၈)**

(ဂ) ပြည်နယ်လုပ်ငန်းအဖွဲ့သည် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ငြင်းပယ်ခြင်းခံရသူအား မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် လျှောက်ထားမှုကို ငြင်းပယ်ကြောင်း အကြောင်းကြား စာပုံစံ (၁၆)ဖြင့် အကြောင်းကြားရပါသည်။ (နည်းဥပဒေ- ၂၃)

## ၁၃။ ကြီးကြပ်ခြင်း

မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီသည်-

(က) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများလုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်နှင့် စပ်လျဉ်း၍ တင်ပြလာသည့် ကိစ္စရပ်များအတွက် စိစစ်သုံးသပ်ခြင်းနှင့် ညှိနှိုင်းဆောင်ရွက် ခြင်းများကို လုပ်ကိုင်နိုင်ရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အသီးသီးတွင် လုပ်ငန်းအဖွဲ့များနှင့် သီးခြားအဖွဲ့များကိုဖွဲ့စည်း၍ လုပ်ငန်းတာဝန်များအား သတ်မှတ်ပေးရမည်၊ (ဥပဒေပုဒ်မ– ၁၇)

(ခ) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ရရှိသူက သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ လုပ်ငန်းများဆောင်ရွက်ခြင်း ရှိ/မရှိ ကို စစ်ဆေးရန် သက်ဆိုင်ရာဌာနများ စုပေါင်းပါဝင်သောအထူးအဖွဲ့ကို အခါအားလျော်စွာ ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည်။ (ဥပဒေပုဒ်မ– ၁၈)

(ဂ) အောက်ဖော်ပြပါအခြေအနေ တစ်ရပ်ရပ်ပေါ်ပေါက်ပါက ခွင့်ပြုထားသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများအနက်မှ လိုအပ်မည့် အနည်းဆုံးမြေဧရိယာ ကို ပြန်လည် ရယူပိုင်ခွင့်ရှိသည်–

(၁) ခွင့်ပြုထားသောမြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများတွင် ရှေးဟောင်း ယဉ်ကျေးမှု အမွေအနှစ်များတွေ့ရှိခြင်း၊ (ဥပဒေပုဒ်မ– ၁၉(က))

(၂) နိုင်ငံတော်အကျိုးငှာ အခြေခံအဆောက်အအုံ စီမံကိန်းလုပ်ငန်း သို့မဟုတ် အထူးစီမံကိန်းလုပ်ငန်း ဆောင်ရွက်ရန် လိုအပ်ခြင်း (ဥပဒေ ပုဒ်မ– ၁၉(ခ))

(၃) ဓါတ်သတ္တုထုတ်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်ရန် ခွင့်ပြုထားသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများတွင် ခွင့်ပြုထားသောသတ္တုအမျိုး အစားမှအပ အခြား သယံဇာတပစ္စည်းတွေ့ရှိခြင်း၊ (ဥပဒေပုဒ်မ– ၁၉(ဂ))

(၄) စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အစိုးရကခွင့်ပြုထားသော ဥပဒေနှင့် ညီညွတ်သည့် အခြားလုပ်ငန်းများလုပ်ကိုင်ရန် ခွင့်ပြုထားသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများတွင် သယံဇာတပစ္စည်းတွေ့ရှိခြင်း၊ (ဥပဒေပုဒ်မ– ၁၉(ဃ))

(ဃ) ခွင့်ပြုထားသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို ပုဒ်မ ၁၉ အရ ပြန်လည်ရယူခြင်းအတွက် လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူက အမှန်တကယ် ရင်းနှီးမြှုပ်နှံထားသည့် ကုန်ကျစရိတ်ငွေများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ကာလတန်ဖိုးတွက်ချက်၍ သင့်လျော်သည့်သတ်မှတ် ကာလအတွင်း လျော်ကြေးရရှိစေရန် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ပေးရမည်။ (ဥပဒေပုဒ်မ-၂၀)

( င) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ရရှိသူက ဤဥပဒေပါ စည်းကမ်းချက်တစ်ရပ်ရပ်ကိုချိုးဖောက်ကြောင်း တွေ့ရှိလျှင် မူလပေးသွင်းထားသော အာမခံကြေးကို နိုင်ငံတော်ဘဏ္ဍာငွေအဖြစ်သိမ်းဆည်း မည့်အပြင် လုပ်ပိုင်ခွင့်၊ အသုံး ပြုခွင့်ကိုလည်း ပြန်လည်ရုပ်သိမ်းပိုင်ခွင့်ရှိသည်။ (ဥပဒေပုဒ်မ- ၂၁)

၁၄။ ၂၀၁၂ ခုနှစ်၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ မပြဋ္ဌာန်းမီ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဗဟိုအဖွဲ့၏ ခွင့်ပြုမိန့်အရ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိထားသော ပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများသည်-

(က) ခွင့်ပြုမိန့်ရရှိထားသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းဧရိယာ၊ ခွင့်ပြုမိန့် ထုတ်ပြန်သည့် ရက်စွဲနှင့် စာအမှတ်တို့ကို ပြည့်စုံစွာဖော်ပြပြီး အမှန်တကယ် ဖော်ထုတ်လုပ်ကိုင်အသုံးပြုပြီးသော ဧရိယာနှင့် ကျန်ရှိနေသောဧရိယာတို့ကို အထောက်အထား ခိုင်လုံစွာဖြင့် ဓါတ်ပုံမှတ်တမ်းများပူးတွဲလျက် မှတ်တမ်းပြုစု ပြီး ဗဟိုကော်မတီသို့ တင်ပြရမည်။ (ဥပဒေပုဒ်မ- ၂၂(က))

( ခ) ဖော်ထုတ်လုပ်ကိုင်အသုံးပြုပြီးသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများနှင့် စပ်လျဉ်း၍ ဤဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။(ဥပဒေပုဒ်မ- ၂၂(ခ))

(ဂ) မူလခွင့်ပြုကာလထက် ကျော်လွန်သည်အထိ ဖော်ထုတ်လုပ်ကိုင်အသုံးပြုခြင်း မရှိသေးသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို နိုင်ငံတော်က ပြန်လည်သိမ်းယူပြီး ဖြစ်သည်ဟု မှတ်ယူရမည်။ (ဥပဒေပုဒ်မ– ၂၂(ဂ))

(ဃ) မူလခွင့်ပြုကာလအတွင်း သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ လုပ်ငန်း ဆောင်ရွက်ရန် ပျက်ကွက်ကြောင်း သို့မဟုတ် စည်းကမ်းချက်ကို ချိုးဖောက် ကြောင်း တွေ့ရှိပါက အာမခံကြေးကို နိုင်ငံတော်ဘဏ္ဍာငွေအဖြစ် သိမ်းဆည်းခံရမည့် အပြင် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ကို ပြန်လည်ရုတ်သိမ်း ခြင်းခံရမည်။ (ဥပဒေပုဒ်မ– ၂၂(ဃ))